# “ထာဝရမြစ်”

# The River of God

ကျွန်မစိတ်ရောကိုယ်ပါ ခြေကုန်လက်ပမ်းကျနေမိသည်။ တစ်နေ့တာနာရီများအတွင်း ပြုဖွယ်ကိစ္စကလည်း အတောမသတ်သဖြင့် ထိုဖိစီးမှုများ အောက်တွင် မွမ်းကျပ်နေသည်ဟု ထင်မိသည်။ တာဝန်ကျေပွန်သော ဇနီးကောင်းနှင့် မိခင်တစ်ဦးဖြစ်နိုင်ရန် ကျွန်မ၏ဘဝလမ်းတစ်လျှောက် ဘုရားသခင် ပို့ဆောင်ပေးသောသူများအား ကောင်းချီးပေးနိုင်ရန် စသည့် ဘုရားသခင်ဖန်တီးသော စီမံကိန်း၏ အစိတ်အပိုင်းတစ်ခုအဖြစ် ပြည့်ဝစွာ ဖြည့်ဆည်းချင်လှသည်။ သို့ရာတွင် ဤလိုနေ့မျိုးများတွင် လူသားတစ်ဦးအနေဖြင့် ကျွန်မအားအင်များ မည်မျှဆုတ်ယုတ်လာနေပြီးကို သတိထားမိခဲ့သည်။ ကျွန်မ၏စိတ်ကို ပြန်လည်သန့်စင်ပြီး အရာတိုင်းကို ပြန်လည်ရှုမြင်လာနိုင်ရေးအတွက် ဂျီးဆက်ကို ကျွန်မမျှော်လင့်နေမိသည်။ လိုအပ်နေမိသည်။ ကျွန်မသည် နှလုံးသားထဲမှ စူးစိုက်အာရုံနှစ်၍ ဆုတောင်းလိုက်သည်နှင့် ကျွန်မ၏ရှေ့တွင် မြင်ကွင်းတစ်ခုပေါ်လာသည်။ ဂျီးဆက်သည် ကျွန်မ၏ ပြဿနာများနှင့် သောကများကို စစ်မှန်စွာရှုမြင်စေတော့သည်။

ကျွန်မကိုယ်သည် မြောက်တက်၍ ဘုရားသခင် ဖန်တီးထားသော အလှအပများ စုဝေးရာ အဆုံးမဲ့မြင်ကွင်းတစ်ခုစီသို့ ဆွဲခေါ်သွားခြင်းခံနေရခြင်းကို ကျွန်မကိုယ်ကျွန်မ စောင့်ကြည့်နေမိသည်။ ထို့နောက် နောက်ဘက်သို့အနည်းငယ် မျှော်ကြည့်လျှင် အချိန်ကာလ၏ ရောင်စဉ်ကို လှမ်း၍ မြင်နိုင်သေသည်။ ကမ္ဘာ့နိုင်ငံများ၊ နယ်ပယ်များ၏ အဆုံးမဲ့သောသမိုင်းကို ဖန်တီးထားသည့် ဘုရားသခင်၏ အစီအမံဖြစ်သော မြစ်ကြီးတစ်စင်း စီးဆင်းနေသည်ကို တွေ့ရသည်။ ဤမျှ ကြီးမားကျယ်ပြန့်လှသော မြစ်ကြီးသည် တောင်ကြားများ နိမ့်ချည်မြင့်ချည်ဖြစ်နေသော တောင်စွယ်တောင်ကုန်းများနှင့် စိမ်းလန်းသောချိုင့်ဝှမ်းများကိုပါ ဖြတ်သန်းစီးဆင်းစေရန် ဖန်ဆင်းထားခြင်းဖြစ်သည်။

သက်တမ်းကြာလာသည်နှင့်အမျှ သူ၏စီးဆင်းနေသော စွမ်းအားနှင့် အဆက်မပြတ် အမြဲမပြတ် ဖြစ်တည်နေမှုကို သိရှိခဲ့ရသည်။ ထိုမြစ်၏စွမ်းအားနှင့် စီးအားသည် ရပ်တန့်နိုင်ခြင်း မရှိသော်လည်း လှပသောမြင်ကွင်းများဖြင့် ပေါင်းစပ်ထားပြီး ရှုမငြီးဖွယ် ပြီးပြည့်စုံအောင် ကိုက်ညီလှပနေပါသည်။ ဘုရားသခင်၏ ကျက်သရေတော် ကြီးမြတ်လှသော လက်ဖဝါးတော်ကို အနည်းငယ်မျှ ထိတွေ့ရသော ခံစားမှုသည် ဖန်ဆင်းမှုမှသည် အပိုင်းအခြားမဲ့သည်အထိ မယုံကြည်နိုင်လောက်သော အတွေ့အကြုံပင်။

ထိုမျှ ခန်းနားလှသော ဘုရားသခင်၏ အစီမံကြီးထဲတွင် ကျွန်မ၏နေရာသည် အလွန့်အလွန် သေးငယ်လှသည်ဟု ရုတ်တရက် ထင်မှတ်လိုက်မိသည်။ ဘုရားသခင်၏ အလိုဆန္ဒကို ပြည့်မြောက်အောင်ဆောင်ရွက်ရေးတွင် အကျွန်အဘယ်ကြောင့် ပူပန်နေရသနည်း။ ထိုအရာအားလုံးကို ပြီးပြည့်စုံစေသူမှာ ဘုရားသခင်သာလျှင်ဖြစ်သည်။ ကျွန်ုပ်အနေဖြင့်မူ ထိုမြစ်ကြီးထဲသို့ ခုန်ဆင်းကာ မြစ်နှင့်တသားတည်း ဖြစ်အောင် အလိုက်သင့်မျောပါသွားရုံသာ ရှိတော့သည်။ ဘုရားသခင်၏ မျက်မှောက်တော်တွင် နစ်မြောနေခိုက်တွင် ကျွန်မ ကိုယ်တိုင်ပင် ငြင်သာစွာ စီးဆင်းနေသော မြစ်ရေစီးကြောင်းထဲသို့ သက်ဆင်းလိုက်မိသည်ဟု ခံစားခဲ့ရပါသည်။

ထို့နောက် ကျွန်မလိုအပ်နေသော ဘုရားသခင်နှင့် ပေါင်းစည်းလိုသော အလိုအတိုင်းပင် ဘုရားသခင်၏ အလိုတော်က ကျွန်မ၏အာရုံတွင် ထင်ဟပ်လာသည်။ ကျွန်မကိုယ်ကျွန်မ အလုပ်များသည်ဟု ဆင်ခြေပေးကာ ဘုရားသခင်ထံတော်မှောက်တွင် ဆုတောင်းဝတ်ပြု၍ တရားထိုင်ကာ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို နာယူရန် အကြိမ်မည်မျှ ပျက်ကွက်ခဲ့ပါသနည်း။ လစ်လျူရှုခဲ့ပါသနည်း။

အာရုံထဲတွင် ထင်လာသောမြင်ကွင်း၏ လှပမှုကို ပြည့်စုံအောင် ဖော်ပြနိုင်ခြင်းမရှိပါ။ သို့သော် မြင်ကွင်းတစ်ခုလုံးမှ ဖြစ်ပေါ်လာသည့် ထက်သန်ခိုင်မာလှသော ငြိမ်းချမ်းမှုကား ကျွန်မတွင် အစွဲထင်ဆုံးဖြစ်ပါသည်။ ပူပန်ခြင်း၊ စိုးရိမ်ခြင်း၊ ရှုန်းကန်ခြင်းနှင့် ဖိစီးခြင်းတို့ အလျဉ်းကင်းစင်လှပေသည်။ ဘုရားသခင်၏ အစီအမံကား ထာဝရတည်တံ့နေပါသည်။ ဘုရားသခင်၏ သဘာဝအင်အားဖြင့် ငြိမ်းချမ်းစွာ ထာဝရစီးဆင်းနေပါသည်။

ကျွန်မ၏ သောကများနှင့် ဖိစီးမှုများကား စင်စစ်အားဖြင့် ဘုရားသခင်အား အလုပ်အကျွေးမပြုနိုင်ပါ။ သူ၏အလိုတော်ကို ကျွန်မ၏ ကိုယ်ပိုင်စွမ်းအား အလုပ်အကျွေးမပြုနိုင်ပါ။ သူ၏အလိုတော်ကို ကျွန်မ၏ ကိုယ်ပိုင်စွမ်းအားတစ်လျှောက် တွန်းတင်၍ ဦးစားပေးဖြည့်ဆည်းရန် မကြိုးစားခဲ့ပါ။ သို့ရာတွင် ထိုအလိုဆန္ဒတော်တည်းဟူသော မြစ်ရေစီးကြောင်းထဲသို့ ခုန်ချကာ အလိုက်သင့်လိုက်ပါသွားလျှင် ထိုရေစီးကြောင်းက ကျွန်မအတွက် အိပ်မက်မျှပင် မမက်ခဲ့ဖူးသော နေရာများသို့ ခေါ်ဆောင်သွားပါလိမ့်မည်။ ထိုကြောင့် ကျွန်မနှင့် အတူလိုက်ပါ၍ သူ၏ရှေ့တော်မှောက်သို့ အခစားဝင်ရောက်ကြပါစို့။ ဘုရားသခင်၏ မြစ်ထဲသို့ အတူမျောပါကြပါစို့။ ယနေ့ပင်လျှင် သင့်ဘဝထဲသို့ ဘုရားသခင်အား ကြွချီဝင်ရောက်ခွင့် ပေးပါတော့။ ဆင်းခဲ့ပါလော့။ ရေကားအေးလှကြည်လှပါပေသည်။

(မာရီယာ မော်ရိုး)
(By. Maria Morrow)